www.burmeseclassic.com

# ဝလလရှည်ပေါင်းဝေ

လူနံပါတ် ၁၃



www.burmeseclassic.com

www.burmeseclassic.com

# လူနံ့ပါတ် - ၁၃

## တာရာမင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၁၅၅၀၂၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၄၉၀၀၅၀၇

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ– ၁၀၀၀၊ တန်ဖိုး– ၁၀၀ကျပ်


**မောင်မျိုး**

(ကြောင်နှစ်ကောင်စာပေ)


စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | အလင်းပွင့်ချိန် | ၅ |
| ၂။ | လူနှင့် မျက်နှာနှစ်ခု | ၁၃ |
| ၃။ | စုံထောက်ကလေး | ၂၅ |
| ၄။ | လူနှင့် အိပ်မွေ့ချခြင်း | ၃၇ |
| ၅။ | လူနှင့် ဆေးဝါးကုသမှု | ၄၇ |
| ၆။ | လူနှင့် လျှို့ဝှက်ချက် | ၅၇ |
| ၇။ | လူနှင့် တောက်ရှီးဝါကလေး | ၆၉ |
| ၈။ | လူနှင့် ခြေသံဖွဖွ | ၇၉ |
| ၉။ | အရက်သမားများနှင့် အင်တာဗျူးခြင်း | ၈၉ |
| ၁၀။ | အဘိုးပြောတဲ့ပုံပြင် | ၁၀၁ |
| ၁၁။ | ကျောက်ခေတ်ပွဲတော် | ၁၁၁ |
| ၁၂။ | ဦးလေးတွမ်နှာချေခြင်း | ၁၂၃ |

# အလင်းပွင့်ချိန်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





"အေး... ငါက လက်ဖက်နဲ့ ကွမ်းယာတင်ပြီး ခေါ်လို့ရတဲ့ နတ်တော့မဟုတ်ဘူး၊ ဒါပေမယ့် မင်းတွေ့ချင်တဲ့ လောကပါလနတ်ဆိုတာက တော့ ဟုတ်တယ်၊ မင်းက ငါ့ကို ဘာကိစ္စ တွေ့ချင်ရတာလဲ"

"ဒီလိုပါ... ကျွန်တော်ဟာ လူတွေရဲ့ခြေထောက်နဲ့ အတူနေရပါတယ်"

"မင်းက ဖိနပ်လား၊ နံပါတ် ဘယ်လောက်လဲ"

"နံပါတ်အရဆိုရင်တော့ သုညဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ကျွန်တော်က ဖိနပ်မဟုတ်ပါဘူး"

"ဆံပင်လည်း တစ်မျှင်မှ မရှိဘူး... ပြောင်ချောကြီး... ဘာလဲ မင်းက 'ကတုံးအ,အကြီးလား၊ 'က'ကြီးကနေ စပြီး 'တုံး' လိုက်တဲ့ 'အ' အထိလား..."



www.burmeseclassic.com

www.burmeseclassic.com



"မ… မဟုတ်ပါဘူးခင်ဗျာ…"

"ဝိုင်းဝိုင်းလုံးလုံးကြီးဆိုတော့ ဘာလဲ… မင်းက ဂြိုဟ်ကမ္ဘာလုံးလား…"

"အိုး… မဆွေးဘောင်း မတွေးရာပါခင်ဗျာ… မြေဆွဲအားအကြောင်းကိုတောင် နားမလည်ပါဘူး"

"မင်းကိုယ်ပေါ်မှာလည်း အကွက်တွေ အစင်းတွေနဲ့… ဘာလဲ မင်းက ကျားသစ်လား… ဒါမှမဟုတ် ခွေထားတဲ့ စပါးကြီးမြွေလား…"

"ကျွန်တော်သာ အဲဒီလိုကောင်တွေဆိုရင် လူတွေက ကျွန်တော့်ကို ခြေထောက်နဲ့ ဘယ်ကန်ရဲပါ့မလဲဗျာ…"

"လူတွေက မင်းကို ဘာကြောင့် ကန်ကြတာလဲ… မင်းက ဘာလဲ…"

"ကျွန်တော်က ဘောလုံးပါ…"

"ငါက ရိုနယ်ဒိုလည်း မဟုတ်ဘူး… ဒေးဗစ်ဘက်ခမ်းလည်း မဟုတ်ဘူး… ဘောလုံးလည်း မကန်ဘူး၊ အိမ်ကွင်းမှာလည်း မကန်ဘူး၊ အဝေးကွင်းမှာလည်း လိုက်မကန်ဘူး၊ မင်းလိုဘောလုံးက ငါ့ဆီကို ဘာကိစ္စ လာရတာလဲ…"

"ဒီလိုပါ ကျွန်တော်က ပွဲတွေမှာ အကန်မခံချင်လို့ပါ…"

"ဘာဖြစ်လို့လဲ…"

"သူတို့ရဲ့ပြိုင်ပွဲတွေက အရှုံးအနိုင်လုတာတွေ ဖြစ်နေလို့ပါ…"

"ပြိုင်ပွဲဆိုတာကတော့ ဒီလိုပါပဲ… ဖလားလုမယ်… အလဲလုမယ်… အဲဒီအတွက် အရှုံးအနိုင်လုကြရတယ်၊ ဒါပဲပေါ့… သဘာဝပဲလေ…"





"ဟုတ်ကဲ့… ကျွန်တော်ကလည်း အဲဒါကို မနှစ်မြို့တာပါ… သူတို့ဘာသာ အရှုံးအနိုင်လုတဲ့ပွဲမှာ ကျွန်တော်က ခံစားခံ မဖြစ်ချင်လို့ပါ…"

"ကဲ… ထားပါတော့… ပြိုင်ပွဲမှာ အကန်မခံချင်ရင် မင်းက အခု ဘယ်လိုဖြစ်ချင်တာလဲ…"

"ကလေးတစ်ယောက်က ကျွန်တော့်ကို နံရံဆီ ဘုန်းခနဲ ကန်လိုက် ကျွန်တော်က ပြန်ကန်ထွက်လိုက်၊ သူက ပြန်ကန်လိုက်၊ ကျွန်တော်က ပြန်ကွက်ထွက်လိုက် နံရံကြီးက တဖောင်းဖောင်း လက်ခုပ်တီးလိုက်၊ အဲဒီလိုပဲ နေချင်ပါတယ်"

"ဘာဖြစ်လို့ပါလိမ့်…"

"လူတွေ ပြောလေ့ရှိကြပါတယ်၊ နံရံကို ခေါင်းနဲ့ ပြေးပြေးဆောင့်တယ်လို့ ပြောသာ ပြောကြတယ်၊ တကယ် မလုပ်ကြပါဘူး၊ ကျွန်တော်က တကယ်လုပ်ပြချင်တာပါ၊ အဲဒီလို လုပ်ပြတဲ့အတွက်ကြောင့်လည်း သူတစ်ပါးက အပြစ်ကင်းကင်းနဲ့ ပျော်စေချင်လို့ပါ…"

"အလာကြီးပါလား… ဘာကိစ္စ ဒီအတွေး ဝင်ရတာလဲ…"

"လောကကြီးမှာ လူတွေ မိုးလင်းသလိုပေါ့… ကျွန်တော့်အတွေးအခေါ်တွေ မိုးလင်းလာတာပါ၊ ကျွန်တော့်ကိုယ် ကျွန်တော် နံနက်ခင်းဆီ ဂိုးသွင်းလိုက်တာပါ"

"အဲဒီတော့ ငါ ဘာလုပ်ပေးရမှာလဲ"

"ကျွန်တော့်စိတ်ဝိညာဉ်ကို မျက်နှာသစ်ချင်လို့ပါ၊ အဲဒီအတွက် လောကပါလနတ်မင်းကြီးဆီမှာ အကူအညီ လာတောင်းတာပါ ရေခင် တစ်ပေါက်လောက်နဲ့ ကျွန်တော့်ကို တောက်ပေးတော်မူပါ…"



www.burmeseclassic.com

www.burmeseclassic.com



လောကပါလနတ်မင်းကြီးက ပြုံး၏။ သူ့အပြုံးအောက်မှာ တိမ်တိုက်တို့ကလည်း ဝင်းလဲ့မှုန်ပြာသွားကြလေသည်။

❒





# လူနှင့် မျက်နှာနှစ်ခု





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




(၁)

ဤဇာတ်လမ်းကို အဘိုးဖြစ်သူက စတင်ခြင်း ဖြစ်၏။

“ဒီဘက်ခြံထောင့်မှာ မြေဖုတ်ဘီလူးတစ်ကောင်ကို ငါမြင်လိုက်တယ်”

ကျန်ဆွေမျိုးသားချင်းများက လက်မခံကြ။

“အဘိုးကလည်း မဟုတ်တာ...”

“မဟုတ်ဘဲ ငါက ပြောမလား”

ထိုသို့ဖြင့် နောက်နေ့မှ စ၍ ထိုနေရာကို အဘိုးက တူးလေတော့သည်။ ကျန်သူများကလည်း အဘိုး စိတ်ချမ်းသာလျှင် ပြီးရော ဆိုသော သဘောဖြင့် ဘာမှ မပြောဘဲ လွှတ်ထားကြ၏။ အဘိုးက ထိုမြေကွင်းကို အားကြိုးမာန်တက် တူး၏။ ရွှေမထွက်၊ ငွေမထွက် ရေနံမထွက်ရုံမက


www.burmeseclassic.com

www.burmeseclassic.com



ရေပင် မထွက်သည်ကို အံ့သြဖွယ်ရာ တွေ့ရ၏။ နောက်ဆုံးတော့ အဘိုးကွယ်လွန် သေဆုံးသွားသည်။ တွင်းကြီးက ဒီအတိုင်း...။

✤





(၂)

အဖေ့လက်ထက် ရောက်လာသည်။ အဖေက ခုမှ ဒီတွင်းကြီးကို စိတ်ဝင်စားလာသည်။

"မင်းတို့အဘိုးက တစ်ခုခုသိသွားတယ် ထင်တယ်"

"အဖေကလည်း ဘာတွေ လျှောက်တွေးနေတာလဲ"

"မဟုတ်ဘူး... မင်းတို့အဘိုးအတွက် ဒီတွင်းကြီးကို ငါ ဆက်တူးရမယ်"

"အပင်ပန်းခံလို့ အဖေရယ်..."

"ဘာမှ မပင်ပန်းပါဘူးကွာ၊ အားတဲ့အချိန်လေး တူး တူးသွားရုံပေါ့..."

အဖေက ထိုတွင်းကို ဆက်တူးသည်။ ပြောမရသဖြင့် ဘယ်သူကမှ မပြောကြတော့။ အဖေ ဆက်တူးတော့လည်း ပိုနက်လာသည်ကလွဲပြီး တွင်းကြီးက ဒီအတိုင်းပါပဲ။ ဘာမှ မထူးခြား။ ဤသို့ဖြင့် အဖေလည်း သေဆုံးသွားသည်။ သားလက်ထက်သို့ ရောက်လာသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

“အဘိုးနဲ့ အဖေတို့တူးသွားတဲ့ တွင်းကြီးကို သား ဆက်တူးမယ်”

အားလုံးက သက်ပြင်းချကြ၏။

“သားရဲ့လက်ထက်မှာ တစ်ခုခု ထူးခြားစေရမယ်”

ထို့နောက် ထိုတွင်းကို မျှော်လင့်ချက်ကြီးစွာ ဆက်တူးလေသည်။ တွင်းတူးနေရင်း အောက်ခြေမြေသားထဲမှ တိုးထွက်လာသော သတ္တဝါ တစ်ကောင်ကို တွေ့ရ၏။ လူနှင့် ပုံသဏ္ဌာန်ဟူသလို ရှိသော်လည်း ထူထဲ တွန့်လိမ်နေသော အရေပြား၊ နီရဲနေသော မျက်လုံးအစုံနှင့် အုတ္တု ခန္ဓာ ကိုယ်မှ ထိုးထောင်ထွက်နေသော အတွန့်အတက်များကို တွေ့ရ၏။

“ခင်... ခင်ဗျားက ဘယ်သူလဲ...”

“ငါ မြေဖုတ်ဘီလူး...”

“ခင်ဗျားက ဒီ... ဒီမှာ ဘာလုပ်နေတာလဲ...”

“ဒါ... ငါ့နေရာပဲ မင်းက ဘာလာလုပ်နေတာလဲ...”

“ကျွန်... ကျွန်တော်...”

“ကဲလေ ထားပါတော့... ငါ ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး။ နေရာပြောင်းတော့မယ်... မပြောင်းခင် မင်းကို ဆုတစ်ခုပေးခဲ့မယ်။ မင်း





လက်နဲ့ ထိတွေ့ပွတ်သပ်တဲ့အရာဟာ နှစ်ခုဖြစ်သွားစေရမယ်။ ဒါဆေ... တစ်ကြိမ်ပဲရမယ်... ဒါပဲ ငါသွားတော့မယ်”

ထို့နောက် မြေဖုတ်ဘီလူး ပျောက်သွားလေသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



## (၄)

ပြန်ပြောပြတော့ သူ့အဖြစ်အပျက်ကို မည်သူမျှ မယုံကြ။

"ကဲ… ကဲ… နောက်မှ အေးအေးဆေးဆေး ပြောပါကွာ… မင်းမှာလည်း မြေကြီးတွေ ပေကျံလို့… သွား… သွား… မျက်နှာလေး ဘာလေး သစ်လိုက်ဦး…"

သူတို့၏စကားအရ သူမျက်နှာသစ်၏။ မှားသွားလေပြီ…။

မျက်နှာကို လက်နှင့် ပွတ်သပ်မိသဖြင့် သူ့မျက်နှာက နှစ်ခုဖြစ်သွားသည်။

"အား… အမလေး…"

ရေထဲမှ သူ့မျက်နှာကို ပြန်မြင်ပြီး လန့်အော်မိသည်။ ကျန်သူများကလည်း…

"အလိုလေး…"

"မြတ်စွာဘုရား… ကယ်ပါ"

✤





## (၅)

သူ့သတင်းကြောင့်ပင် မြို့စားမင်းရှေ့မှောက်သို့ သူရောက်ရလေသည်။ မြို့စားမင်းက သူ့ကို စိတ်မသက်မသာကြည့်ရင်း…

"မင်းက လူလား… ဘီလူးလား…"

မျက်နှာတစ်ခုက…

"လူပါ"

ကျန်မျက်နှာတစ်ခုက…

"ဘီလူးပါ"

တစ်ပြိုင်တည်း ဖြေကြခြင်း ဖြစ်သည်။

မြို့စားမင်းက ခေါင်းခါရမ်းရင်း…

"မင်း အမှန်အတိုင်းဖြေစမ်း"

မျက်နှာနှစ်ခုလုံးက…

"ဟုတ်ကဲ့…"

"မင်းက လူလား… ဘီလူးလား…"

"လူပါ"

"ဘီလူးပါ"

www.burmeseclassic.com

www.burmeseclassic.com



မြို့စားမင်းက သက်ပြင်းချ၏။ ဖြစ်ပျက်ပုံကို ကျန်သူများထံ အသေးစိတ်မေး၏။ မျက်နှာနှစ်ခုလုံးကိုလည်း မသိမသာ အကဲခတ်ကြည့်၏။ မျက်နှာတစ်ခုက ငိုမဲ့မဲ့ဖြစ်နေပြီး ကျန်မျက်နှာတစ်ခုက ပြုံးစိစိ ဖြစ်နေသည်။ နောက်ဆုံးမှာ မြို့စားမင်းက မှတ်ချက်ချ၏။

"တော်သေးတာပေါ့... မျက်နှာကို ပွတ်မိလို့၊ တင်ပါးကိုသာ ပွတ်မိရင် မနုဿဟာ ဖင်နှစ်ခု ဆိုပြီး ဘယ်လိုလုပ်ရမယ်မှန်းတောင် မသိဘူး..."

ထိုအခါ မျက်နှာတစ်ခုက ဝါးခနဲ အော်ငိုပြီး ကျန်မျက်နှာတစ်ခုက တဟားဟား အော်ရယ်လေသည်။

❒








# စုံထောက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





(၁)

ကောင်လေးသည် ပလက်ဖောင်းပေါ်ရှိ ထူထပ်သော လူသူပရိသတ်များကြားမှ မနည်း ရုန်းထွက်လာရ၏။ 'ဟူး' ခနဲ လေပူမှုတ်ထုတ်မိ၏။ ရှေ့ဆက်သွားရမည့် ခရီးကို မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ကာကြည့်မိသည်။

"အင်း... နည်းနည်းလိုသေးတယ်"

ထိုအခိုက်မှာပင် သူ့ရှေ့မှ လျှောက်လာသည့် လင်မယားစုံတွဲတစ်တွဲက...

"မောင်... ဟိုကောင်လေးက ချစ်စရာလေး..."

"ဟုတ်တယ်ကွ..."

မိန်းမဖြစ်သူက လက်ကိုင်အိတ်ထဲမှ သကြားလုံးတစ်လုံးကို ထုတ်ကာ သူ့အား...



www.burmeseclassic.com

www.burmeseclassic.com



"သား သကြားလုံးစား…"

"ဟင့်အင်း… ဟင့်အင်း…"

ထိတ်လန့်တကြား ပြေးထွက်သွားသောသူ့ကို လင်မယားစုံတွဲက နားမလည်သလိုကြည့်ရင်း ကျန်ရစ်၏။ သူတို့အချင်းချင်းလည်း မေးနေ ကြနေကြသည်။

"ဘာဖြစ်သွားတာလဲ…"

"သိဘူးလေ…"

✤





(၂)

ကောင်လေးကို ကိုယ်ပိုင်ကား လှလှလေးတစ်စီးက ကျော်ရပ်၏။ ကားမှန်လေး လျှောပွင့်သွားပြီး လူရည်သန့်တစ်ဦး၏ မျက်နှာ ပေါ်လာသည်။ ကောင်လေးကို…

"သား ဘယ်သွားမလို့လဲ…"

"ဟိုဘက်နားကို…"

"အဲဒီနားက ကားရှပ်တယ် ဘာသွားလုပ်မလို့လဲ…"

"အိမ်က အဲဒီဘက်မှာ…"

"လာ… လာ… ကားပေါ်တက် ဦး လိုက်ပို့ပေးမယ်…"

"ဟင့်အင်း… ရပါတယ် ရောက်တော့မှာပဲဟာ…"

"အေး… အေး… ဒါဆိုလည်း ပြီးရောလေ လမ်းကို သေသေ ချာချာ ကြည့်သွားနော်…"

"ဟုတ်…"

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

လမ်းထိပ်တစ်ခုသို့ ကောင်လေး ရောက်လာသည်။ ထိုလမ်းမှ သွားလျှင် သူ့အိမ်သို့ မြန်မြန်ရောက်နိုင်၏။ သို့သော် ကောင်လေးက ထိုလမ်းကို ပယ်လိုက်သည်။ လူစည်သောလမ်းကို ရွေးလိုက်၏။ ရဲသား တစ်ဦးကို စက်ဘီးနှင့် တွေ့ရ၏။

"ဦး... ဦး..."

သူ့ခေါ်သံကြောင့် ရဲသားက စက်ဘီးကို အရှိန်လျှော့ရပ်သည်။ သူ့ကို စူးစမ်းသလို ကြည့်ပြီး...

"ကလေး ဘာလဲကွယ်..."

"ဦး ကျွန်တော့်ကို မသိဘူးလား..."

"ဇဝေဇဝါပါပဲကွယ်..."

"ကျွန်တော်က ဟိုဘက်ထောင့်ဆုံးတိုက်ရဲ့ ပထမထပ်မှာ နေတယ်"

"အေး... အေး... ခု ဘာဖြစ်လို့လဲ..."

"ဘာမှ မဖြစ်ပါဘူး၊ ဦးကို မိတ်ဆက်ထားတာ... ကျွန်တော့်ကို လမ်းမှာ နောက်တွေ့ရင်လည်း ခေါ်နော်..."





"အေး... အေး... ခေါ်မှာပေါ့ကွာ..."

ရဲသားကြီးကို နှုတ်ဆက်ကာ ကောင်လေး အောင်မြင်စွာ ခရီးဆက် ခဲ့၏။

✤



www.burmeseclassic.com

www.burmeseclassic.com



## (၄)

အိမ်ရောက်တော့ အဘွားက မီးဖိုခန်းထဲမှာ ဟင်းချက်နေသည်။

"ဘွားဘွား... ဘွားဘွား..."

"ဟေ... လာလေ... ဘွားဘွား ဒီမှာ..."

ကောင်လေးက မီးဖိုခန်းထဲ ပြေးဝင်ရင်း...

"သားသား စုံထောက်လုပ်ခဲ့တယ်..."

"ဟဲ့... ဘာတွေ စုံထောက်လုပ်ခဲ့တာလဲ..."

"ညက ဖေဖေပြောနေတာတွေလေ... ကလေးသူငယ်တွေ လိုက်နာဖို့အတွက် F.B.I အကြီးအကဲက ထုတ်ပြန်ထားတဲ့ အချက်လေးချက်ဆိုတာလေ..."

"အေး... အဲဒါ ဘာဖြစ်လို့လဲ..."

"သားလည်း အဲဒီအတိုင်းပဲ၊ လူစိမ်းက ကျွေးတာကို မစားခဲ့ဘူး၊ ကားကြုံခေါ်တာကို မလိုက်ခဲ့ဘူး၊ လူပြတ်တဲ့လမ်းကို မလျှောက်ဘူး၊ ရဲနဲ့ဆက်သွယ်မှုရှိပါ ဆိုလို့ ရဲကြီးတစ်ယောက်နဲ့တောင် မိတ်ဆွေဖွဲ့ခဲ့သေးတယ်... ဟဲ... ဟဲ..."





အဘွားကလည်း သွားကျဲကျဲနှင့် ရယ်၏။

"ငါ့မြေးက တော်တာကိုး၊ ဉာဏ်ကောင်းတာကိုး..."

ယောက်ျားရှန်းကြီးမြှောက်ကာ တစ်ဆက်တည်းမေး၏။

"ဒါထက် အဘွားမှာလိုက်တဲ့ မဆလာထုပ်ရော..."

"ဟင်... အဲ... အဲဒါ မေ့... မေ့လာ..."

"ဒေါင်..."

အားလားလား စုံထောက်ကလေး ဆွေမျိုးမေ့သွားလေသည်။


□



www.burmeseclassic.com

www.burmeseclassic.com





# လှနှင့် အိပ်မွေ့ချခြင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





(၁)

အိပ်မွေ့ချဆရာက စိတ်ဆိုးမာန်ဆိုးဖြင့် သူ့ကို ပြောသည်။

"ခင်ဗျား နောက်ကို ကျုပ်ဆီ လာမကုနဲ့တော့ဗျာ…"

"ဗျာ… ဘာဖြစ်လို့လဲ…"

"ခင်ဗျားကို ကျုပ် အတန်တန်ပြောထားသားပဲ။ အိပ်မွေ့ချတယ် ဆိုတာ အိပ်ပျော်မှုအတုကို ဖန်တီးတာ။ အဲဒီအချိန်မှာ ခင်ဗျားရဲ့သိစိတ်နဲ့ မသိစိတ် ဝိုးတဝါး ဖြစ်နေမယ်။ အဲဒီအချိန်ကျမှ ကျုပ်ကလည်း ခင်ဗျားရဲ့ မသိစိတ်ကို အမိန့်ပေးပြီး ဖြစ်ချင်တာ ဖြစ်ခိုင်းလို့ ရမယ်။ ခင်ဗျားရဲ့ ရောဂါကိုလည်း ကုနိုင်လိမ့်မယ်…"

"ခု ကျွန်တော်က ဘယ်လိုဖြစ်လို့လဲ ဆရာ…"

"ဒီစကားကို ခင်ဗျားမေးပြန်ပြီ… ခင်ဗျားကို ကျွန်တော် အိပ်မွေ့ ချတိုင်း ဒီကိစ္စ အမြဲကြုံတယ်၊ ခင်ဗျားက အတုအိပ်ပျော်ခိုင်းတာ ဘာကြောင့် အိပ်ပျော်…ပျော်သွားတာကို…"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ် ကျွန်တော်လည်း..."

"တော်ပြီ ဘာမှ မပြောနဲ့တော့..."

"ဒါဆိုရင် ကျွန်တော်တို့ တစ်ခုလုပ်ကြည့်ရအောင်..."

"ဘာလုပ်မှာလဲ..."

"ဆရာနဲ့ ကျွန်တော် အဆက်အဆံများလာလို့ ဆရာ့နည်းစနစ်တွေကိုလည်း ကျွန်တော် ရင်းနှီးနေပါပြီ"

"အဲဒီတော့..."

"ဆရာ့ကို ကျွန်တော် နမူနာ အိပ်မွေ့ချကြည့်မယ်... ဆရာက နမူနာ အိပ်မွေ့ကျပြပါ..."

"ကောင်းပြီ..."

✤

(၂)

သူက ဆရာ့ကို ပြန်ပြီး အိပ်မွေ့ချ၏။ နာရီချိန်သီးကို ကြည့်ခိုင်းနည်း၊ စက္ကန့်သံကို နားထောင်ခိုင်းနည်း စသည်တို့အပြင် ညွှန်ပြ အမိန့်ပေးနည်းများကိုပါ သူ ကျွမ်းကျင်နေပြီ ဖြစ်၏။ အိပ်မွေ့ချဆရာက အိပ်ပျော်ခြင်းအတုနှင့် အိပ်ပျော်သွားလေသည်။

သူက ကျေနပ်စွာ ပြုံးမိ၏။

အခန်းပြင်သို့ ပြန်ထွက်လာခဲ့လေသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

အိပ်မွေ့ချဆရာက အိပ်မွေ့ပြယ်ပြီး ပြန်နိုးလာသည်။ အကြောင်းကြောင်းနှင့်ပင် သူ့လက်ထောက်များကို မေးရ၏။

"ဟိုလူ ဘယ်ရောက်သွားပြီလဲ"

"ဆရာ့ကို အိပ်မွေ့ချပေးပြီး ထွက်သွားပြီ..."

"ဘာလဲ သူက ဆေးကုမခံတော့ဘူးလား..."

"မခံတော့ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ..."

"သူ့ သဆောပေါက်သွားပြီတဲ့... သူ့ဘာသာသူ သိသွားပြီတဲ့..."

"ဒီလူ အရူးလား..."

"အဲဒါတော့ မသိဘူး ဆရာ..."

"အိ..."

ဝမ်းထဲက ရစ်နာသလိုဖြစ်၍ ဗိုက်ကိုစမ်းပြီး ညည်းတွားမိချိန်မှာပဲ လက်ထောက်က...

"ဆရာ အိပ်မွေ့မိနေချိန်မှာ သူက အမိန့်ပေးသွားတယ်"

"ဘာလဲ..."





"နိုးနိုးချင်းမှာ ဆရာ့ဝမ်းထဲက ရစ်နာလာပြီး အိမ်သာသွားရမယ်တဲ့..."

"အောင်မယ်..."

"ဟုတ်တယ်ဆရာ"

"အဲ... အီး... အစ်... အစ်..."

"ဆရာ ဝမ်းနာလာရင် အောင့်မထားနဲ့ သွားလိုက်လေ..."

"တောက်..."

ပြင်းထန်စွာ တက်ခေါက်ပြီး အိမ်သာဆီသို့ သူ သွားရ၏။ လက်ထောက်က လှမ်းပြောသည်။

"အဲဒီလို ဝမ်းသွားတဲ့အချိန်မှာ ဆရာက အီအီးတစ်နေရမယ်တဲ့..."

"ဘာကွ..."

"အဟုတ် ဆရာ..."

ဖင်ကလေး လိမ်ကျစ် လိမ်ကျစ်လုပ်ကာ အိမ်သာထဲသို့ သူ ဝင်ရ၏။ မကြာလိုက်ပါ။


"တောက်..."

ထိုတက်ခေါက်သံက အိမ်သာထဲမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

❒




www.burmeseclassic.com



# လူနှင့် ဆေးဝါးကုသမှု

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




(၁)

သူ့တစ်ကိုယ်လုံး လွင့်စင်ဖြောက်တက်သွားၡ၏။ နံဘေးမှ ထိတ်လန့်တကြား အော်ဟစ်လိုက်သံများကိုလည်း ကြားရ၏။ (သူ့ဘက်က လမ်းမှန်ပါလျက်နှင့်) သူ ကားတိုက်ခံရပြီ ဖြစ်ကြောင်း သိလိုက်၏။ ထို့နောက်မှာတော့ အမှောင်ကမ္ဘာ...။ သူ သတိလစ်သွားပါတော့သည်။

✤


www.burmeseclassic.com

www.burmeseclassic.com



(၂)

"ခင်ဗျား သတိရပြီလား..."

ဆေးခန်းတစ်ခုအတွင်းသို့ သူရောက်နေသည်။ စိုးရိမ်တကြီး ထိုသို့ မေးလာသူက သူ့ကို ကားနှင့် တိုက်သွားသူ ဖြစ်သည်။ နာကျင်ပင်ပန်းစွာ သူပြန်ဖြေလိုက်သည်။

"အင်း... သတိရပြီ..."

"ခုပဲ ဆရာဝန် ခင်ဗျားကို စစ်ဆေးပေးလိုက်မယ်... ဘာမှ မပူနဲ့..."

✤

(၃)

ခဏကြာတော့ ဆရာဝန် ရောက်လာသည်။ သူ့ကို မေး၏။

"ခု ဘယ်လိုနေသလဲ"

"ခြေထောက်တွေ သိပ်လှုပ်လို့ မရဘူး..."

"သြော်... ဒါ ခြေထောက်တွေ ရှိနေတဲ့ သဘော..."

"လက်တွေလည်း ကိုက်ခဲ ထုံဝေနေတာပဲ..."

"ကောင်းပါတယ်... ဒါလည်း လက်ရှိနေတဲ့သဘောပါ..."

"အစာအိမ်ဘက်ကလည်း အောင့်နေတယ်..."

"ဒါကလည်း အတွင်းကလီစာတွေ ရှိနေတဲ့သဘောပေါ့၊ မကြောက်ပါနဲ့..."

"အသက်ရှူရတာလည်း အရမ်းကြပ်တယ်..."

"အိုး... ဒါ အသက်ရှိနေတဲ့ သဘောပေါ့... ကောင်းတယ် အရမ်းကောင်းပါတယ်... အကုန်ရှိနေပါတယ်၊ ဘာကိုမှ မစိုးရိမ်နဲ့... ဘာမှ စိုးရိမ်စရာ မရှိပါဘူး..."

ထို့နောက်...

"ကဲ... နားလိုက်ဦး နားလိုက်ဦး... ပျော်အောင် အိပ်လိုက်..."

✤



www.burmeseclassic.com

## (၄)

သူပျော်အောင် အိပ်သည်။ သို့သော် အိပ်မပျော်ပါ။ သူ့ကိုတိုက်သည့် ကားဒရိုင်ဘာနှင့် ဆရာဝန်တို့၏ အခြေအတင်ပြောစကားကို ကြားနေရ၏။ ဆရာဝန်က...

"ကဲ... ခင်ဗျား ဘယ်လောက်အကုန်အကျခံနိုင်မလဲ..."

"မခံနိုင်ဘူး ဒေါက်တာ..."

"ဘာဖြစ်လို့တုန်း..."

"သူက ဘာမှ... မှ မဖြစ်ဘဲ အကုန်ရှိနေတာပဲ..."

"အကုန်ရှိချင်ရင်တော့ အကုန်ထုတ်ရမှာပဲ ကိုယ့်လူ၊ ဒါမျိုးက ခင်ဗျားတို့ ဘေးကနေ ဝင်ကြည့်ပြီး ပြောလို့ရတာ မဟုတ်ဘူး..."

"ခုနက လူနာက သူ့ဘာသာ ပြောသွားပြီပဲ..."

"ကျုပ်မရှိရင် ဒီလိုမှတ်ချက် ရှိနိုင်မလား..."

"ဘာပဲပြောပြော ကျုပ်မှာတော့ ခင်ဗျားတို့ ဆိုသလောက် ငွေမရှိဘူး..."

"ငွေမရှိဘဲနဲ့များ လူနာကို လာကြည့်ရ ပြရသလား..."

ဆရာဝန် အခန်းထဲမှ ထွက်သွားသော ခြေသံကို ကြားရ၏။

✣





## (၅)

သူ ခုတင်ပေါ်မှ လူးလဲထတော့ ကားဒရိုင်ဘာ ပြုံးတုံးပြုံးတဲ ကြည့်၏။

"ဟော့... ဟော့... ခင်ဗျား အရမ်းမထနဲ့လေ..."

"ထတော့ ဘာဖြစ်လဲဗျာ... ကျုပ်မှာ အသက်ရှိနေတာပဲ..."

"အဲ..."

နံဘေးခုံတန်းမှ (ဆရာဝန်က ဘာလုပ်ရန် ထားမှန်းမသိသော) ဓလုံအလွတ်ကြီးကို ဆွဲယူကာ ထိုလူ့ခေါင်းကို ရိုက်ထည့်လိုက်၏။

"ဒေါင်"

ထိုလူက မျက်နှာရှုံ့မဲ့သွားပြီး...

"ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ခေါင်းကို ထုရတာလဲ"

သူက...

"ခင်ဗျားမှာ ခေါင်းရှိတာတော့ သေချာသွားပြီ..."

"ဟင်..."

သူက ထိုဓလုံကြီးဆွဲကာ အခန်းထဲမှ ထွက်ရန်ပြင်တော့ ဒရိုင်ဘာ ခေါင်းကို ပွတ်နေရင်း လှမ်းမေး၏။

"ခင်ဗျား ဘယ်သွားပြီး ဘာလုပ်မလို့လဲ"



www.burmeseclassic.com
www.burmeseclassic.com


ခပ်ပြတ်ပြတ်ပဲ ပြန်မေးလိုက်သည်။

"ဘယ်မှာလဲ ဟိုဆရာဝန်..."

❒








# လူနှင့် လူ့ဂြိုဟ်ချက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





(၁)

သူ့အလိုမပါဘဲ ကြုံကြိုက်ခဲ့ရသည့် ကိစ္စဖြစ်ကြောင်း သေချာပါသည်။ သူ့ဘဝမှာ တစ်ခါမှ ကြိုးတန်းပေါ် လမ်းမလျှောက်ဖူးပါ။ ယခု သူ့နောက်မှ ဆပ်ကပ် လူရွှင်တော်က သူ့ခါးကို ထီးနှင့် ထောက်ပြီး လျှောက်ခိုင်းနေခြင်းဖြစ်သည်။ အောက်ပတ်လည်မှာက လက်ခုပ်လက်ဝါးတီးပြီး ကြည့်ရှုပျော်ရွှင်နေသူတွေ။

“ကျုပ် မလျှောက်တတ်ပါဘူးဆိုမှ ဘာလို့ အတင်းလျှောက်ခိုင်းရတာလဲ”

“အခု ငါထိန်းပေးထားတော့ မင်းလျှောက်လို့ ရတယ် မဟုတ်လား”

“ရေရှည်တော့ ဘယ်ရမလဲဗျ...”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် မင်းရဲ့လျှို့ဝှက်ချက်ကို ပြောပြ ပြုတ်မကျချင်ရင် ပေါ့..."

"ကျုပ်မှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူး"

"အဲဒါဆိုရင်တော့ မင်း ပြုတ်ကျမှာပဲ..."

"တော်ပြီဗျာ... ကိုယ်ဘာသာကိုယ် ခုန်ချမယ်..."

✤





(၂)

အမှန်တော့ သူမှာ ဘာလျှို့ဝှက်ချက်မှ မရှိချေ။ သို့သော် မည်သို့ဖြစ်သည်မသိ၊ သူ့မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိသည်ဟု လူအများက ထင်မြင်နေကြသည်။

ယခုလည်း ပြိုင်ဘက် လက်ဝှေ့သမားက မေးလာသည်။

"မင်းကို ငါ ဖိမထိုးစေချင်ရင် မင်းရဲ့လျှို့ဝှက်ချက်ကို ပြောပြလေ..."

"ငါ့မှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူး..."

"မင်းက အဲဒီလိုလား... အဲဒါဆိုလည်း ထိုးတယ်ကွာ..."

ကိစ္စမရှိပါ။ ပွဲက သရေပွဲဖြစ်သွားပါသည်။ သူက ကြိုးဝိုင်းထဲမှာ ပတ်ပြေးနေသောကြောင့် ဖြစ်သည်။ ပြိုင်ဘက်က မချိတင်ကဲ ရယ်သံနှင့် ပြောသည်။

"မင်းရဲ့လျှို့ဝှက်ချက်က ဒါပဲ ထင်ပါတယ်..."

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

အဘောက်ကို ဖြေရှင်းရခက်သော ပြဿနာဖြစ်သည်။ ကိုယ်လည်း ဘာမှာ နေတတ်သလို နေခဲ့သည့်ပဲ။ ဘာမြှုပ်ကွက်မှ မရှိပါ။ ခုကျမှ သူ့ လျှို့ဝှက်ချက် ဆိုတာကို သိချင်နေကြသည်။ ရှိသည်ပဲ ဆိုကြပါဦးစို့။ ကိုယ့်လျှို့ဝှက်ချက်ကို သူတို့က ဘာဆိုင်၍ သိချင်နေကြသနည်း။

ဘာမှမဆိုင်ဟု ခံစားရသည်။

တစ်ဖက်မှ စီးချင်းသူ့ရဲကောင်းက မေးသည်။

"မင်းရဲ့လျှို့ဝှက်ချက်ကို ပြောပြရင် မင်းကို ငါ မသတ်ဘူး…"

"ပြောလိုက်ရင် မင်းကို ငါ သတ်ရမှာလား…"

"ဘာကွ…"

စိတ်မထိန်းနိုင်သော တစ်ဖက်မှ စီးချင်းသူ့ရဲကောင်းက သူ့ကို ကွင်းအနှံ့ လှံနှင့် လိုက်ထိုးသည်။ သူ ပတ်ပြေးနေရသည်။ ပြေးရင်း လွှားရင်းနဲ့ပဲ ကြောက်ကန်ကန်ပြီး ပြန်ထိုးသော သူ၏လှံချက်အောက်မှာ တစ်ဖက်မှ သူရဲကောင်း ကျဆုံးသွားပါသည်။

သေအံ့မူးမူးအချိန်မှာ သူ့ကို ပြောသွားသေး၏။

"မင်းရဲ့လျှို့ဝှက်ချက်က ဘာကြီးလဲဟ…"

✤





(၄)

တစ်နေ့…

သူ သေသွားပြီထင်၏။ ငရဲပြည်သို့ သူရောက်သွားသည်။ ငရဲသားကြီးက သူ့ကို ဆီအိုးထဲထည့်ရန် အကုသိုလ်ကို အလေးချိန် ချိန်၏။ ချိန်ခွင်ခွက်ပေါ်မှ ထိုင်နေရသော သူ့ကို မယုံမကြည် ကြည့်ကာ…

"မင်းမှာ လျှို့ဝှက်ချက်တစ်ခုခုများ ရှိသလား"

"လာပြန်ပြီ တစ်ယောက်… ဘာလျှို့ဝှက်ချက်မှ မရှိဘူး…"

"မင်းမှာ ရှိကို ရှိရမယ်…"

"မရှိပါဘူးဆို…"

"ဒါဆို အခု မင်းရဲ့အကုသိုလ်က ဘာလို့ ပိဿာမပြည့်တာလဲ…"

"အို… ကျွန်တော် ဘယ်သိမှာလဲ…"

ဆူဆူညံညံအသံများကြောင့် ငရဲမင်းကြီးက လှမ်းကြည့်ပြီး မေးသည်။

"ဘာဖြစ်နေကြတာလဲ"

"ဒီကောင့်မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိလို့ပါခင်ဗျာ…"

"ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဒီကောင့်အကုသိုလ်က တစ်ပိသာမပြည့်လို့ ဆီအိုးထဲ ထည့်မရဘူး။ ကိုးဆယ့်ကိုးကျပ်သားပဲ ရှိတယ်"

"ဒါဆို ဒီကောင့်ကို လူ့ပြည် ပြန်တင်ပေးလိုက်"

"သူ့ လျှို့ဝှက်ချက်ကို မမေးတော့ဘူးလား"

"တစ်ပိသာပြည့်ရင် ဒီကောင် ပြန်ကျလာမှာပေါ့ ... အဲဒီအခါကျမှ မေးတော့ ..."

ငရဲမင်းကြီးက အမြော်အမြင်ကြီးလှပေသည်။

✤

(၅)

လူ့ပြည်သို့ ပြန်ရောက်ရောက်ခြင်းမှာ မျက်စိများ ကျိန်းစပ်သွားရ၏။ သူ့ကို ဝိုင်းအုံ ဓာတ်ပုံရိုက်နေသည်က နာမည်ကြီးသတင်းထောက်တွေ။ စိတ်ဆိုးမာန်ဆိုးဖြင့် သူမေး၏။

"ခင်ဗျားတို့ ဘာလုပ်တာလဲ"

"ဟိုဒင်းလေ... ဟိုဟာ... လျှို့ဝှက်ချက်"

ဩော်... ခက်ပဲ ခက်ရပါလေပြီ...။

❐




www.burmeseclassic.com

www.burmeseclassic.com



(၄)




# ကောက်ရိုးမီးကလေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





(၁)

သဲကန္တာရသည် ခြစ်ခြစ်တောက် ပူပြင်းလွန်းလှ၏။ မျှော်လေရာ မြင်နေရသော သဲကန္တာရကြီးသည် ငြီးငွေ့ဖွယ်ရာအတိပြီး၏။ သူက ဝါးခနဲ တစ်ချက်သမ်းဝေလိုက်သည်။

ရှားရှားပါးပါး… သူက သဲကန္တာရထဲမှာ ကော်ဖီဆိုင် လာဖွင့်ထားခြင်း ဖြစ်၏။ သူ့ကို လူထူးလူဆန်းအဖြစ် အားလုံးက သတ်မှတ်ထားသည်။ သူကတော့ အလုပ်ထဲမှာ နှစ်ဝင်နေပြီ ဖြစ်၏။ ဤလို နေရာမျိုးမှာ ဆိုင်ဖွင့်ထားခြင်းဖြင့် မကြုံဖူးတာတွေကိုလည်း ကြုံရသည်။

တစ်ခါက လူတစ်ယောက် သူ့ဆိုင်သို့ တောင့်တောင့်ကြီး ရောက်လာသည်။ ခန္ဓာကိုယ်က တောင့်တောင့်ကြီးဖြစ်နေခြင်းပင်။ သူ့ကို ကြည့်ရတာ ပုလင်းခွံကြီးနှင့် တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီတစ်ခွက်ပေးပါဗျာ..."

"ရပါတယ် ထိုင်လေ"

ထိုင်တော့လည်း တောင့်တောင့်ကြီးဖြစ်သည်။ သူက ချောင်းဟန့်လိုက်ပြီး...

"စပ်စုတယ်လို့တော့ မထင်ပါနဲ့ဗျာ..."

ထိုလူက မဲ့ပြုံးနှင့်...

"ဘာလဲ ကျုပ် တောင့်တောင့်ကြီးဖြစ်နေတဲ့ ကိစ္စကို မေးမလို့လား"

"ဟုတ်ပါတယ်..."

"ရိုးရိုးလေးပါပဲဗျာ... ဆေးပုလင်းကို လှုပ်ပြီး မသောက်မိလို့ပါ..."

"ဖြစ်မှ ဖြစ်ရလေဗျာ..."

တစ်ခါကလည်း...

တစ်ယောက်တည်း ချာလပတ်လည်နေသူတစ်ယောက် သူ့ထံ ရောက်လာသေးသည်။ သူ့ကိုယ်သူ ရှေ့ပြန်ကြည့်လိုက်၊ နောက်ပြန်ကြည့်လိုက် အောက်ငုံ့ကြည့်လိုက်နှင့် တစ်ယောက်တည်း ရှုပ်နေသည်။

"ကော်... ကော်ဖီတစ်ခွက်လောက်"

"ကော်ဖီက ရပါတယ်ဗျာ... ခင်ဗျားက ဘာတွေဖြစ်နေတာလဲ"

"အသက်ကို ရှာနေတာဗျ..."

"ဘာ... အသက်ကို ဟုတ်လား..."

"ဟုတ်တယ်..."

"ဘယ်က အသက်လဲ..."

"ဟိုး... ဟိုး... ခင်ဗျား တလွဲမထင်ပါနဲ့၊ ကျုပ်အသက်ကို ကျုပ်





ရှာနေတယ်လို့ ပြောတာ..."

"ခင်ဗျားအသက်က ဘယ်သွားလို့လဲ..."

"ရှိတယ်လေ... ရှိလို့ ခင်ဗျားနဲ့ စကားပြောနေနိုင်တာပေါ့..."

"အဲဒါဆို ဘာကိစ္စက ခင်ဗျားက အသက်ကို ရှာနေတာလဲ"

"အသက်က လူ့ခန္ဓာကိုယ်ရဲ့ ဘယ်နေရာမှာ ရှိတာလဲ သိချင်လို့"

"ခင်ဗျားရဲ့နှလုံးသားကို ဆွဲထုတ်လိုက်ရင် သေပြီပေါ့ဗျ... အဲဒါဆို အသက်မရှိတော့ဘူးပေါ့..."

"အဲဒီ နှလုံးသားကို ပြန်တပ်လိုက်ရင်ကော အသက်ရှိဦးမလား"

"အင်း... အဲဒါကတော့..."

သူ အဖြေရကြပ်သွား၏။

နောက်တော့လည်း ထိုလူ ခရီးဆက်သွားသည်။ အူကြောင်ကြောင် ဟိုကြည့် သည်ကြည့်နှင့်ပါပဲ။

ထိုသို့သော အဖြစ်အပျက်များကို ကြုံခဲ့ဖူးသော်လည်း တစ်နေ့မှာတော့ အထူးခြားဆုံးကိစ္စတစ်ရပ်ကို ကြုံရလေသည်။ သူ့ဆိုင်သို့ ကုလားအုတ်တစ်ကောင် ရောက်လာခြင်းဖြစ်သည်။

ကောက်ရိုးအပြည့်တင်ထားသော ကုလားအုတ် ဖြစ်၏။ မောဟိုက်စွာ ပြောလာသည်။

"ကော်ဖီတစ်ခွက်ပေးပါ"

"ဟုတ်ကဲ့... အေးအေးဆေးဆေး ထိုင်ပါဦး..."

သူက ကော်ဖီတစ်ခွက်ကို အလျင်အမြန် စီစဉ်ပေးပြီး...

"ဘာကြောင့် ဒီလောက် လောနေတာလဲဗျ..."

"ကျွန်တော့်သခင်ပါဗျာ၊ ဒီလောက် အလေးကြီးထမ်းထားရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ ကောက်ရိုးတစ်မျှင်ကို ထပ်တင်ဖို့ လုပ်နေလို့ ထွက်ပြေးနေရတာ…"

"ကောက်ရိုးလေးတစ်မျှင်များဗျာ…"

"နောက်ဆုံးတင်တဲ့ကောက်ရိုးတစ်မျှင်ကြောင့် ကုလားအုတ် ခါးကျိုးသွားရတယ် ဆိုတဲ့ စကားပုံကို ခင်ဗျား ကြားဖူးမှာပေါ့။ အဲဒီကောက်ရိုးတစ်မျှင်ကို ထပ်တင်ရင် ကျွန်တော့်ခါး ကျိုးတော့မှာဗျ… ကျွန်တော့်ဘာသာ ကျွန်တော်သိတယ်၊ ကဲ… သွားမယ်… သွားမယ် တော်ကြာ အဲဒီလူ မီလာဦးမယ်"

ကုလားအုတ်က ကသောကမျောထွက်သွား၏။ မကြာမီမှာပဲ ကောက်ရိုးတစ်မျှင်ကိုင်ထားသော လူတစ်ယောက် ရောက်လာ၏။ သူ့ကို

"ကောက်ရိုးတွေ သယ်လာတဲ့ ကုလားအုတ်တစ်ကောင်ကို တွေ့မိသလား"

"ကုလားအုတ်တွေကတော့ အများကြီးပဲ၊ ဘာဖြစ်လို့လဲဗျ…"

"သူ့ကောက်ရိုးကို သူ ကုန်အောင်သယ်မသွားဘူး…"

"ဒီကောက်ရိုးကို သူ ကုန်အောင်သယ်မသွားဘူး…"

"ဒီကောက်ရိုးလေးတစ်မျှင်ပဲဗျာ ခင်ဗျားဘာသာ ခင်ဗျား ယူသွားလိုက်ပေါ့…"

"မဆိုင်ဘူးဗျ တာဝန်က တာဝန်ပဲ…"

"အဲဒီကောက်ရိုးလေးက ဘယ်လောက်လေးလို့လဲဗျာ…"

"ကောက်ရိုးက မလေးဘူး။ သူ့တာဝန်ကို ကျပ်ဝင်ထမ်းထားရတဲ့စိတ်က ပိုလေးတယ်။ တော်ပြီ… ခင်ဗျားကို ရှင်းပြနေရတာနဲ့ အချိန်ကုန်တယ်။ သွားပြီ… ကုလားအုတ်ကို လိုက်ဖမ်းလိုက်ဦးမယ်…"





အလျှင်အမြန်ထွက်သွားလေတော့၏။

သူ သက်ပြင်းချမိသည်။

ထိုနေ့က သူဖျော်သော ကော်ဖီတွေ အတော်ခါးလိမ့်မည်ဟု ထင်သည်။

❐



www.burmeseclassic.com

www.burmeseclassic.com





# လူနှင့် ခြေသံပွပွ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





(၁)

"ဟေး... ဆရာလေး..."

မြင်းလှည်းက သူ့နံဘေးမှာ တံ့ဆိုင်းကာရပ်၏။ တွေဝေစွာ ကုက္ကိုလ်ပင်ရိပ်အောက်မှ သူ ေးကြည့်နေမိဆဲ။

"ဟိုဘက်ရွာကို လိုက်ခဲ့မလား ဆရာလေး"

"မလိုက်တော့ပါဘူးဗျာ"

အဝေးဆီမှာ မြူခြေပျပျ။ မြင်းလှည်းက ထွက်ခွာသွားပြီ။ သူတစ်ယောက်တည်း...။ အို... ဟင့်အင်း...။

သူတစ်ယောက်တည်း မဟုတ်...။

သူနှင့်အတူ ကျန်နေသည်က ခြေသံတစ်စုံ...။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

အိပ်ရာပေါ် ပစ်လှဲပြီး မျက်နှာကျက်ဖြူဖြူကို ငေးမောကြည့်နေမိသည်။ တိုက်ခန်းလှေကားပေါ် တက်ကတည်းက ထပ်ကြပ်မကွာပါလာသော ဒုတိယခြေသံသည် အခုတော့ တိတ်သွားပြီ။

သက်ပြင်းကို ခပ်လေးလေးချလိုက်မိ၏။

ထိုသော ဒုတိယခြေသံကို သူ သတိထားမိသည်မှာ သုံးနှစ်ခန့်ပင် ရှိပြီ။ သူ ဘယ်သွားသွား နောက်မှ လိုက်လာသည်။ အစကတော့ သူ့ခြေသံဟုပင် ထင်မိသေးသည်။ နောက်တော့မှ သူ့ခြေသံမဟုတ်ဘဲ (သူ့ကြောင့်ပင် ထွက်ပေါ်နေသည့်) ဒုတိယခြေသံမှန်း သတိပြုမိသည်။ ဘယ်ကိုသွားသွား နောက်မှ လိုက်ပါနေသဖြင့် သူ အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်ရလေသည်။ ထိုခြေသံတို့ နောက်မှ လိုက်မလာရန်ကိုလည်း သူ မည်သို့မှ လုပ်မရ။

"ဘယ်က နှုတ်ဆိုးလဲကွ…"

ဒေါသတကြီး အော်ဟစ်မိသော်လည်း အခြေအနေက မထူးခြား။ ခြေသံအစုံက သူ့အပါးမှ လိုက်မြဲ လိုက်လျက်။ သူ ရှုးမတတ် ခံစားခဲ့ရလေသည်။

✤





(၃)

တစ်စုံတစ်ယောက်ထံမှ ထွက်ခွာလာချိန်မှာ ထိုခြေသံများကို စတင်ကြားလာရခြင်း ဖြစ်သည်။ သူ စွန့်ခွာထွက်ခဲ့သူသည် အဖိုလား အမလား။ သူမပြောကြားလိုပါ။ သို့သော် ထိုအရပ်မှ သူ ထွက်ခွာချိန်တွင် ထိုခြေသံများက နောက်မှ ပါလာသည်။

"ဟော့… ဘာသဘောလဲကွ…"

ဒေါသတကြီးဖြင့် သူ အော်ဟစ်မေးမြန်းသော်လည်း ဖြေသံက ထွက်မလာပါ။ ခြေသံက နောက်ပါးမှ လိုက်မြဲ လိုက်လျက်။ သူ မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ခေါင်းကိုသာ တွင်တွင်ခါရမ်းနေမိတော့သည်။

✤



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဘဝ၏နောက်ဆုံးအချိန်သို့ ရောက်ပါပြီ။ မကြာခင်မှာ အားလုံးကို စွန့်ခွာ၍ သူသွားရတော့မည်။ ခုတင်ပေါ်မှာ အသက်ကို မောပန်းစွာ ရှူရှိုက်ရင်း သူ့နံဘေးမှ အလိုအလျောက် ထွက်ခွာသွားသော ဆရာဝန်များကို မြင်နေရ၏။ သို့သော် ဘာမှ မတတ်နိုင်ပါ။ အားလုံးက စွန့်ခွာသွားကြပြီ။

"ဖျတ်... ဖျတ်... ဖျတ်..."

ခြေသံဖွဖွကို ကြားရ၏။ တစ်လျှောက်လုံးမှာ သူ့ကို ခြောက်လှန့်ခဲ့သောခြေသံ ဖြစ်သည်။ သူက ချောင်းတဟွပ်ဟွပ်ဆိုးပြီး ပြာရီမှုန်မှိုင်းစွာ...

"သြော်... မင်းလာတာကိုး..."

ထူးဆန်းစွာပင် မမြင်ရသော ခြေသံက စကားဆိုသည်။

"ဟုတ်တယ် ကျုပ်ရောက်လာပြီ..."

"မင်း ဘာလုပ်ချင်လို့လဲ..."

"တစ်ချိန်လုံးမှာ ကျုပ်က ခင်ဗျားနောက်က လျှောက်လိုက်လာရတာလေ။ အခုတော့ ကျုပ် ရှေ့က သွားရမယ့်အလှည့် ရောက်လာပြီ။ ခင်ဗျား နောက်က လိုက်ခဲ့တော့..."





"နတ်ပြည်ကို သွားမှာလား၊ ငရဲပြည်ကို သွားမှာလား"

"ခင်ဗျား ရောက်တော့ သိမှာပေါ့..."

စကားအဆုံးမှာ

"ဖျတ်... ဖျတ်... ဖျတ်..."

ခြေသံက ရှေ့မှ ဦးဆောင်ထွက်ခွာသွားသည်။ သူ လိုက်ပါသွား၏။ အသိမဲ့စွာ သူ့အာရုံထဲမှာ လွှမ်းမိုးနေသည်က ခြေသံဖွဖွသာ။


❒



www.burmeseclassic.com

www.burmeseclassic.com





# အရက်သမားများနှင့် အင်တာဗျူးခြင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





(၁)

"ခင်ဗျား ဘာကြောင့် အရက်သောက်တာလဲ"

"လိုင်းတွေ ပူနေလို့ဗျာ"

"ဘာလိုင်းတွေ ပူနေတာလဲ"

"ပြောပြလည်း ခင်ဗျား မသိပါဘူးဗျာ..."

ပထမတစ်ယောက်နှင့် ဉာဏ်သို့ပင် ကိစ္စပြတ်သွားသည်။

✤

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



(၂)

"ခင်ဗျား ဘာကြောင့် အရက်သောက်တာလဲ"

"ကျုပ်က ရှေ့နေဗျ"

"ဟုတ်ကဲ့..."

"ဒီနေ့ ကျုပ် အမှုနိုင်တယ်"

"ဟုတ်ကဲ့..."

"အဲဒါကြောင့် ပျော်လို့ သောက်နေတာ..."

✤





(၃)

"ခင်ဗျားကကော ဘာကြောင့် အရက်သောက်တာလဲ"

"ဟိုဘက်ထောင့်မှာ ထိုင်နေတဲ့ ရှေ့နေကို တွေ့လား"

"ဟုတ်ကဲ့..."

"အမှန်တော့ အဲဒီကောင်က ကျုပ်လောက် မတော်ဘူးဗျ"

"ဟုတ်ကဲ့..."

"အဲဒီကောင်ကိုမှ ကျုပ်က အမှုရှုံးရတယ်လို့ဗျာ၊ အဲဒါကြောင့် စိတ်ညစ်ပြီး သောက်နေတာ..."

သူတို့ဟာကလဲ...။

✤



www.burmeseclassic.com

www.burmeseclassic.com



(၄)

"လူကြီးမင်း ဘာကြောင့် အရက်သောက်ပါသလဲခင်ဗျာ"

"ကြိုက်လို့ သောက်တာပါ"

"ဘာလို့ ကြိုက်တာလဲ"

"ကြိုက်လို့ ကြိုက်တာပေါ့ဗျာ..."

"သြော်... ဟုတ်ကဲ့ ဟုတ်ကဲ့..."

✤





(၅)

"ညီလေးကကော ဘာကြောင့် အရက်သောက်တာလဲ"

"ကောင်မလေးပေါ့ဗျာ... သူကလေးကြောင့်ပေါ့..."

"ဘယ်လိုဖြစ်သလဲ"

"ကျွန်တော့်ဆီ အကြည့်တွေ ကြွေကျပေးတယ်"

"အင်း..."

"ကောက်မယ်လို့ ကျွန်တော်ပြင်တော့ သူက အခြားအပင်ဆီ ရောက်သွားတယ်..."

"သြော်..."

"စကားလုံးနဲ့တောင် လိုင်းမပွားတော့ဘူး၊ အဲဒါကြောင့် ကျွန်တော် ဟာတ်ထိသွားပြီး သောက်နေတာ..."

"သြော်... သြော်..."

✤



www.burmeseclassic.com

www.burmeseclassic.com



(၆)

"အစ်ကိုကြီးက ဘာလို့ အရက်သောက်တာတုန်းဗျ..."

"အိမ်တွင်းရေးအဆင်မပြေလို့... နေပါဦး ခင်ဗျားက အရက်သောက်တဲ့လူတွေကို လိုက်ဗျူးနေတာလား"

"ဟုတ်ပါတယ်..."

"ဒါဆိုရင် ဆိုင်ရှေ့က မြင်းကို သွားဗျူး..."

"ဟင်... ဟုတ်ပါရဲ့... မြင်းက အရက်တွေ သောက်လို့ပါလား"

"ဟုတ်တယ်... လူထက်တောင် သောက်နိုင်တယ်၊ အမြန်သွားဗျူး သူက ခဏနေ သွားတော့မှာ..."

"ဟုတ်ကဲ့... ဟုတ်ကဲ့..."

✣

(၇)

"ကိုရွှေမြင်း ကိုရွှေမြင်း..."

"ဆို..."

"ခင်ဗျား ဘာကြောင့် အရက်သောက်တာလဲဗျ..."

"အမောခံနိုင်ဖို့ပေါ့ဗျာ... လောကဓံကို ရင်ဆိုင်ဖို့ဆိုတာက အမောခံနိုင်ဖို့လိုတယ် မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်"

"နောက်ပြီး ကျုပ်က နေပူခပ်ခါး လျှောက်သွားနေရတာကိုး..."

"နေပါဦး... ဒါဆို အအေးခန်းထဲမှာ ထိုင်ပြီး အရက်သောက်နေတဲ့လူတွေကကော..."

"သူတို့က ကျုပ်လို ပြေးလမ်းမရှိလို့ ဖြစ်မှာပေါ့..."

စကားအဆုံးမှာ မြင်းက လမ်းအတိုင်း ပြေးထွက်သွားပါတော့သည်။


❒



www.burmeseclassic.com

www.burmeseclassic.com






# အဘိုးပြောတဲ့ပုံပြင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





(၁)

ကွပ်ပျစ်လေးတစ်ခု၏ လသာသော ညတစ်ညမှာ ဖြစ်သည်။

"မြေးတို့ကို အဘိုး ပုံပြောမယ်"

"ဟေး..."

အဘိုး၏စကားကြောင့် မြေးများက ဝမ်းသာအားရ အော်ဟစ်ကြ၏။ အဘိုးက စကားဆက်သည်။

"တစ်ခါတုန်းက အင်မတန်ဆင်းရဲတဲ့ လူတစ်ယောက် ရှိတယ်။ မြေကြီးနဲ့လုပ်စားရတဲ့ လူပေါ့..."

"မြေကြီးနဲ့ လုပ်စားရတယ်ဆိုတာ ဘာလဲ အဘိုး"

"ဒီလိုကွယ့်... သူ့နာမည်က မောင်ညွန့်လို့ခေါ်တယ်..."

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

မောင်ညွန့်မှာ ငွေအရင်းအနှီး မရှိချေ။ ကျွမ်းကျင်သောအတတ်ပညာလည်း မရှိလေ။ ထို့ကြောင့် အနှိမ်ခံဘဝနှင့် အလုပ်ကို စတင်ရလေသည်။

"မောင်ညွန့် ရှိလားဟေ့..."

"ဟုတ်ကဲ့ ရှိပါတယ်..."

"အေးအေး... မေးသာ မေးရတယ် မင်းက အလုပ်မှ မရှိဘဲ အားမှာပေါ့၊ နက်ဖြန် တို့အိမ်ဘက် လျှောက်ခဲ့စမ်း၊ အိမ်သာကျင်းတူးစရာ ရှိလို့ ဟုတ်လား..."

"ဟုတ်... ဟုတ်ကဲ့..."

ထိုသို့ပင် မဝရေစာဝင်ငွေဖြင့် သူ့ဘဝကို ရပ်တည်ရလေသည်။

✣





(၃)

"မောင်ညွန့်ရှိလား"

"ဟုတ်ကဲ့..."

"နက်ဖြန် လာခဲ့ကွာ... ခြံထဲမှာ ပေါင်းသင်မလို့..."

"ဟုတ်... ဟုတ်ကဲ့..."

"မောင်ညွန့်ရှိလား..."

"ဟုတ်ကဲ့..."

"နက်ဖြန် အိမ်ဘေးမှာ မြောင်းတူးမလို့..."

"ဟုတ်ကဲ့... ဟုတ်ကဲ့"

✣

www.burmeseclassic.com

www.burmeseclassic.com



## (၄)

ကြာသောအခါ သူ့ဘဝကို မောင်ညွန့် စိတ်ပျက်လာသည်။ သူ ဖက်တွယ်ရန်းကန်ပြီး ကြီးပြင်းခဲ့ရသော မြေကြီးကိုပင် သူ မုန်းလာ၏။ မြေကြီးကိုမှီပြီး ရှာဖွေစားသောက်ချင်စိတ် မရှိတော့။

'ငါ့ဘဝကို ငါပြောင်းလဲပစ်ရမယ်'

ထိုသို့ဖြင့် ကြီးစားလှမ်းတက်ရင်း ဆပ်ကပ်တစ်ခုမှာ သူ အလုပ်ရလေသည်။ လုပ်ရသည့်အလုပ်က ကောင်းကင်ဘားကျွမ်းသမား။ ထိုအလုပ်ကို လုပ်ရင်း မောင်ညွန့် ပျော်နေလေသည်။

"ဟေး... မောင်ညွန့်ကွ..."

ကောင်းကင်ဘားကျွမ်းသမား မောင်ညွန့်...။ လက်ခုပ်သံများကြားမှာ ပီတိဖြစ်ဖွယ်ကောင်းလှသည်။

✣





## (၅)

"ဒါဆိုရင် သူ အောင်မြင်သွားတာပေါ့နော် အဘိုး..."

"အေး အဲဒါက ပြောဖို့ခက်တယ်"

"ဘာဖြစ်လို့လဲ အဘိုး"

"တစ်နေ့မှာ ကောင်းကင်ဘားကစားရင်း ပြုတ်ကျလို့ မောင်ညွန့် သေသွားတယ်"

"အို..."

"ပုံပြင်ကတော့ ဒါပါပဲကွယ်..."

မြေးကြီးက မကျေမနပ်မေးသည်။

"ဒါဆို အဘိုးရဲ့ပုံပြင်က ဘာကို ဆိုလိုချင်တာလဲ..."

"ဪ... လောကမှာ ကိုယ့်ဘဝလေးနဲ့ ကိုယ် ပျော်အောင်နေနိုင်ရင် အကောင်းသားလို့၊ လောကမှာ မြေကြီးဆန့်လွှန်းတဲ့လူ ကောင်းကင်က လက်မခံတဲ့လူတွေလည်း ရှိတတ်တယ်လို့..."

စကားဝိုင်းလေးက တိတ်ဆိတ်သွားလေသည်။

❒



www.burmeseclassic.com

www.burmeseclassic.com





# ကျောက်ခေတ်ပွဲတော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ဒီကနေ့ သူတို့၏ တစ်နိုင်တပိုင်ပွဲတော်ကလေးကို ကျင်းပကြမည်။

ပွဲတော်ကျင်းပမည့် မြေပြင်ပြောင်ပြောင်ကလေး၏ အနီးပတ်ပတ်လည်မှာရှိသည်က ကျောက်တုံးများ၊ သစ်ပင်များ။ ထိုသစ်ပင်တို့၏ သစ်ကိုင်းများတွင် အလှတန်ဆာဆင်သကဲ့သို့ ချိတ်ဆွဲထားသော တိရစ္ဆာန်အရိုးများ။

သူတို့အုပ်စုကလေးတွင် ဤသည်နေ့ အကြီးအကဲသစ်ကို တင်မြှောက်ကြမည်။ အကြီးအကဲအဟောင်းက ဘယ်ရောက်သွားသည် မသိ။ ဟိုနားသည်နားသွားရင်း အလိုအလျောက်ပျောက်သွားသည်။ လိုက်အော်ခေါ်သော်လည်း မည်သို့ဖြစ်သည် မသိ။ ပြန်မထူးချေ။ လူပျောက်ကြော်ငြာထည့်၍ ရသောခေတ်လည်း မဟုတ်။ ထို့အပြင် အကြီးအကဲဟောင်းပျောက်သွားခြင်းကို မည်သူကမှလည်း အရေးတယူ သိမ်မလုပ်ကြ။ ခပ်


www.burmeseclassic.com

www.burmeseclassic.com



တည်တည်ပဲ အကြီးအကဲအသစ်ကို တင်လိုက်ကြသည်။

အကြီးအကဲသစ်၏ အမည်က 'သေးအိမ်း'။

အကြီးအကဲအသစ် တင်မြှောက်ပွဲအတွက် ကျောက်ခေတ် ပျိုမြူ နှောလေးတွေ အလှပြင်ရင်း အလုပ်ရှုပ်နေသည်။ တစ်ယောက်ကို တစ်ယောက်လည်း မသိမသာ ပြိုင်ကြဆိုင်ကြ၏။

"ဟိုကောင်မဆွဲထားတဲ့ ခရုခွံက လှသားပဲ..."

"အလကားပါဟယ်... ငတ်သေသွားတဲ့ ခရုရဲ့အခွံပါ..."

"နင်ဆွဲထားတဲ့ ခရမ်းရောင်ကျောက်ပြားလေးကလည်း လှသားပဲ"

"ရေတံခွန်အောက်မှာ ခုနစ်ရက်လောက် ရှာယူခဲ့ရတာဟဲ့..."

အနုပညာသမားတွေကလည်း အနားမနေရ။ ကခုန်မည့်သူတွေအတွက် သူတို့က တီးပေး မှုတ်ပေးရမည်။ ထို့အတွက် ညှိနှိုင်းတိုင်ပင်နေကြသည်။

"ဒီဗုံကို ကြက်ထားတဲ့ နွားသားရေက သိပ်မခွဲဘူးကွ..."

"ဘာဖြစ်လဲ..."

"နွားအော်သံ ထွက်ချင်နေသလိုပဲ..."

"မင်းကလည်းကွာ မဟုတ်တာ၊ ငါ့မှာသာ ဒုက္ခရောက်နေတာ"

"မင်းက ဘယ်လိုဖြစ်လို့လဲ"

"ငါမှုတ်ရတဲ့ ခေါင်းပွအရိုးကြီးက ပုပ်စော်အရမ်းနံတယ်"

အကြီးအကဲသစ် သေးအိမ်းကမူ မိန့်မိန့်ကြီးထိုင်လျက် အားလုံးကို အကဲခတ်နေသည်။ ခဏအကြာမှ သူလုပ်စရာရှိသည်များကို အလန့်တကြား သတိရပြီး...

"တစ်ယောက် လာစမ်းဟေ့..."





တစ်ယောက် အပြေးရောက်လာသည်။

"ဘာခိုင်းစရာရှိလို့လဲ အကြီးအကဲ..."

သေးအိမ်းက ထိုသူ့ကို ထိုင်နေလျက်က ငုံ့ကြည့်ရင်း...

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် ဝိုချိုင်ပါ..."

"အေး... မင်းက မတ်တတ်ရပ်ထားတာတောင် တိုတိုလေး ဖြစ်နေတယ်၊ မင်းနဲ့မရဘူး... သွားသွား... နောက်တစ်ယောက် လွှတ်လိုက်..."

ဝိုချိုင် ပြန်ပြေးထွက်သွားပြီး နောက်တစ်ယောက် ရောက်လာသည်။ နောက်ရောက်လာသူကတော့ အရပ်နည်းနည်း ရှည်ပါ၏။ သို့သော်...

"မင်းကကော ဘယ်သူလဲ"

"ကျွန်တော် မူလင်းပါ..."

"နံရိုးအပြိုင်းပြိုင်းနဲ့ကွာ... သွားစမ်းပါ... ဗလကောင်းတဲ့သူကို လွှတ်လိုက်..."

ဗလကောင်းသူတစ်ယောက် ရောက်လာသည်။ သူ့နာမည်က ကာတို။ အကြီးအကဲက ထိုအခါကျမှ စိတ်တိုင်းကျ၏။ ခေါင်းတဆတ် ဆတ်ညိတ်ပြီး...

"အေး... ဟိုနားက သားရေတွေကို ယူသွား၊ ရွက်ဖျင်တဲ တစ်ခု သွားဆောက်ချေ..."

မကြာလှသော အချိန်အတွင်းမှာ သူတို့၏ ပျော်ပွဲရွှင်ပွဲ ... အသင့် ဖြစ်ခဲ့ပါပြီ။ သို့သော်လည်း မကာခင် မခုန်ခင်မှာ ... စိတ်ဝင်တစား ဖြစ်နေသည်က ကင်ပြီးကာစ ရောမဆတ်ကြီး။ ... များ



www.burmeseclassic.com

www.burmeseclassic.com



ကျလောက်အောင် စားချင်စဖွယ် မွှေးကြိုင်လျက်ရှိ၏။

ညေးအိမ်းက အကြီးအကဲပီသစွာ ဣန္ဒြေထိန်းဖို့ ကြိုးစားပါသေးသည်။ သို့သော် မလွယ်ကူချေ။ ထိုဆတ်ကြီးဆီ အပြေးသွားကာ ထုရိုက်ခရာပြီး နည်းနည်းတော့ စွာစားချင်နေသည်။ ထို့ကြောင့်...

"ကဲ... ကဲ... ကပွဲမစခင် အရင်စားကြမယ်..."

သူက အရင်စစားသဖြင့် အားလုံးက ဝမ်းသာအားရပင် ဝင်စားကြသည်။ ထူးဆန်းသည်က အဘိုးအိုတစ်ဦးကိုမူ ကြဉ်ထားကြသည်။ အဘိုးအိုက သူတို့ထဲမှာ ဝင်စားခွင့်မရှိဘဲ ခပ်လှမ်းလှမ်းကပဲ မျှော်နေရ၏။ ညေးအိမ်းကလည်း မသိကျိုးကျွံပြုထားသည်။ ခဏအကြာမှာ...

"ကဲ... ကဲ... တော်ကြတော့... ပြီးမှ ဆက်စား ကကြခုန်ကြမယ်"

တချို့တွေက ပါးစပ်ထဲမှာ ပထမအချိုကို ဝါး၍ပင် မပြီးသေး။ သို့သော် အကြီးအကဲ၏အမိန့်ဖြစ်၍ အင်တင်တင်နှင့်ပင် ကဖို့ပြင်သည်။ ထိုအခိုက်မှာပဲ...

"ဒုတ်"

သူတို့ကခုန်မည့် မြေပြင်ဆီသို့ ကျောက်လုံးတစ်ချောင်း စိုက်လာသည်။ အချိန်က ပြင်းပါဘိသနှင့်။

"ဟယ်... လူရိုင်းအရှည်ကြီးတော့..."

ကျောက်လုံးလာရာဆီ လှည့်ကြည့်တော့ လူရိုင်းအရှည်ကြီးတစ်ယောက်က ဦးဆောင်လာသည့် လူရိုင်းအုပ်စုတစ်စု။ လက်နက်ကိုယ်စီနှင့် သူတို့ကို ရန်မူရန် ချဉ်းကပ်လာသည်။

"ဟာ... စာသော်တိုးတို့အုပ်စုပါလား..."





ထိုလူရိုင်းအုပ်စုကို တုံ့ပြန်ရန် သူတို့မှာက အဆင်သင့်မဖြစ်။ စာသော်တိုးကမူ နေရင်းထိုင်ရင်းကပင်လျှင် သူတစ်ပါး ကြီးပွားတာကို မနာလိုဖြစ်ဟန်ဖြင့်...

"ဟေ့ကောင် ညေးအိမ်း... မင်းက အကြီးအကဲတွေ ဘာတွေဖြစ်လို့ပါလား၊ သတ္တိရှိရင် ငါနဲ့ ခေါင်းချင်းဆိုင်တိုက်မလား၊ ငါ့ကို ဒီးကြီးလာစမ်းလို့ ဘယ်ရမလဲ... မှတ်ပလား... ဟင်း... ဟင်း... စာသော်ဘိုးတဲ့ကွ..."

သူ့ဘာသာ တစ်ယောက်တည်း ဘာတွေလျှောက်ပြောနေမှန်း မသိ။ ညေးအိမ်းကတော့ ဟိုဟိုသည်သည် မျက်လုံးကစားလျက် ထွက်ပေါက်ရှာရင်း နောက်ဆုံးမှာ အောင်မြင်ခန့်ညားသော အသံကြီးဖြင့်...

"ပြေးကြဟေ့..."

သူတို့အားလုံး ဖို့ရိုးဖားရား ထွက်ပြေးကြလေသည်။ စာသော်ဘိုးတို့အုပ်စုကလည်း ညာသံပေးပြီး လိုက်၏။ ကျောက်တုတ်များ၊ ကျောက်ဓားမများ ကိုင်မြှောက်ပြီး သည်းကြီးမည်းကြီး လိုက်လာသော သူတို့၏အသွင်သဏ္ဌာန်က ကြောက်မက်ဖွယ်ရာ။

ညေးအိမ်းတို့အုပ်စု အယားဖားယား ပြေးသော်လည်း ဝေးဝေးမရောက်လိုက်ပါ။

"တို့လက်ကနေ မင်း မလွတ်ပါဘူး ညေးအိမ်းရယ်..."

ရှေ့မှာ ဆီးကြိုစောင့်နေသည်က နောက်ထပ် လူရိုင်းအုပ်စုတစ်စု။ ထိုအုပ်စု၏ခေါင်းဆောင်က ဝက်ပေါင်ခြောက်နှင့် တူသည်။

"ဟာ... ရှေ့မှာလည်း အယ်ပီကျော်တို့အုပ်စုပါလား..."

ညေးအိမ်းတို့အုပ်စု ရှေ့ဆက်မပြေးနိုင်တော့ဘဲ ညှပ်မှုညှပ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းခံထားရလေသည်။ ဒူးမှ လွဲ၍ အခြား ဘာမှ ညေးအိမ်း မတုန်လှုပ်ပါ။

စာသော်တိုးနှင့် အယ်ပီကျော်တို့က…

"ကဲ… ညေးအိမ်း မင်း ဘာတတ်နိုင်သေးလဲ… ဘာလုပ်ချင်သေးလဲ"

ညေးအိမ်း အကြံအိုက်သွားသည်။ သူ့အုပ်စုဝင်တွေကလည်း သူ့ကို အားကိုးတကြီး ဝိုင်းကြည့်နေကြသည်။ နည်းလမ်းရှာမရသည့် အဆုံးမှာ ညေးအိမ်းက…

"ကဲ… တို့လူတွေ ဆိုကြ ကကြမယ်ဟေ့…"

ထိုစကားအဆုံးမှာ…

"ဟေး…"

"တုံ… တုံ… တုံ… ဗောင်း… ဗောင်း… တူ…"

သူတို့အုပ်စု ဆိုကြ ကကြတော့သည်။ လက်နက်တပြင်ပြင် လုပ်နေသော စာသော်တိုးတို့အုပ်စုနှင့် အယ်ပီကျော်တို့အုပ်စု ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

"ဘယ့်နှာတုန်းဟ…"

"အေးလေ ဘာလဲဟ…"

"ရန်ဖြစ်မလို့ပါဆို…"

"အေးလေ… ဒီကောင် ဒီအချိန်အထိ ငါတို့ကို နှိပ်စက်တုန်း…"

ပြောမည့်သာ ပြောနေရသည်၊ သူတို့တွေ ဘာလုပ်ရမည်မှန်း မသိ။ ညေးအိမ်းတို့အုပ်စုကလည်း အားမနာ လျှာမကျိုး ကခုန်နေဆဲ။ ထိုအချိန်မှာ…





တစ်လျှောက်လုံး ဆတ်သားကင်ကို မျှော်နေသည့် အဘိုးအိုက ဆတ်သားကင်ရှိရာသို့ လွတ်လွတ်ကျွတ်ကျွတ် ပြေးလွှားရောက်ရှိသွား၏။ ဆတ်သားကို ဖဲ့ချေပြီး အားရပါးရ ကိုက်ဝါးလိုက်၏။ သို့သော် အဆင်မပြေ။ သက်ပြင်းချပြီး သူ ညည်းတွားရှာသည်။

"အင်း… သွားတွေက ပြန်ပေါက်ရင် အကောင်းသား၊ ဒါမှမဟုတ် အစကတည်းက မကျိုးခဲ့ရင် အကောင်းသား… သွားဖုံးနဲ့ကျတော့လည်း စားလို့မရပါလားနော်…"

နေညိုတော့မည်။

ညေးအိမ်းတို့အုပ်စုက နင်းကန်ကခုန်ဆဲ။ စာသော်တိုးတို့အုပ်စုနှင့် အယ်ပီကျော်တို့အုပ်စုက မျက်လုံးပြူးကြီးများနှင့် ငေးနေသည်။ အဘိုးအိုကလည်း ရလိုရငြား ဟူသော သဘောနှင့် ဆတ်သားကင်ကို သွားဖုံးဖြင့် ဘယ်ပြန်ညာပြန်ဝါးလျက်…။

ကျောက်ခေတ်ကို ပွဲတော်က ကျိုချက်နေတော့သည်။

□



www.burmeseclassic.com


www.burmeseclassic.com



# ဦးလေးတွမ် နာချေခြင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





(၁)

ဦးလေးတွမ် အတော်စိတ်ညစ်နေလေသည်။

"ဟပ်… ဟပ်…"

နှာချေ၍ မရသောကြောင့် ဖြစ်သည်။ နှာခေါင်းတွင်းမှ ယားကျိကျိ ဖြစ်ကာ နှာချေချင်သော်လည်း ဆုံးအောင် နှာချေ၍ မရ။ 'ဟပ်ချိုး' ဟု အားရပါးရ ချေချလိုက်ချင်ပါလျက် 'ချိုး' အထိ မရောက်ချေ။ 'ဟပ်' မှာတင် ရပ်သွားသည်။ အတော် အနေရ အထိုင်ရခက်သောကိစ္စ ဖြစ်သည်။

✤

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဦးလေးတွမ် လမ်းပေါ် ထွက်လာသည်။ မြေပေါ်မှာ တစ်စုံတစ်ရာ ငုံ့ရှာနေသော ကလေးတစ်ယောက်ကို တွေ့သည်။ ကူညီတတ်သူ ဖြစ်သည့် အလျောက် ဦးလေးတွမ်က...

"ကလေး ဘာကျပျောက်သွားလို့လဲကွယ့်"

"ကျွန်တော့်အံစာတုံး ကျပျောက်သွားလို့..."

"ဦးလေး ကူရှာပေးမယ်..."

ဦးလေးတွမ်က ကလေးကို ကူညီကာ မြေပေါ်မှာ အံစာတုံးလိုက် ရှာပေးသည်။ တွေ့ပါပြီ။ ဝမ်းသာအားရဖြင့် ကလေးကို စကားဆိုလိုက်သည်။

"မင်းအံစာတုံးက ဟိုမှာကွ..."

ကလေးငယ်က ဦးလေးတွမ်ညွှန်ပြသော အံစာတုံးကို လှမ်းကြည့်ပြီး ရှုံ့မဲ့ခေါင်းခါသည်။





"အဲဒါ ကျွန်တော့်အံစာတုံး မဟုတ်ဘူး..."

"ဟေ... ဘာဖြစ်လို့လဲ..."

"ကျွန်တော့်အံစာတုံးဆိုရင် နံပါတ် (၁) အပွင့်နဲ့ကျနေရမှာ၊ အ နံပါတ် (၆) ဆိုတော့ ကျွန်တော့်အံစာတုံး မဟုတ်ဘူး..."

"ဟပ်... ဟပ်..."

ဦးလေးတွမ် နှာချေ၍ မရချေ။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

ဦးလေးတွမ် ဆက်လျှောက်လာခဲ့သည်။ မြေပေါ်မှာ တစ်စုံတစ်ရာကို ခေါင်းငုံ့ရှာနေပုံရသော လူတစ်ယောက်ကို တွေ့ရပြန်သည်။ ထိုလူက ကျတော့ ဖဲသမားဖြစ်နေသည်။ ဦးလေးတွမ်က…

"ဘာရှာနေတာလဲဗျ…"

"ကျုပ် ဖဲထုပ်က ဖဲတစ်ချပ် ကျပျောက်သွားလို့…"

ဦးလေးတွမ်က ကူရှာပေးပြန်သည်။ တွေ့ပါသည်။

"ဟော… ဟိုမှာ ခင်ဗျားကျပျောက်သွားတဲ့ ဖဲချပ် မဟုတ်လား"

ဖဲချပ်က မှောက်လျက်ကြီးဖြစ်သည်။ ထိုလူက ဆွဲယူလှန်ကြည့်ပြီး…

"ဟင်… ဘုဖဲကြီးပါလား"

ထို့နောက် ကမျာကယာ ခေါင်းခါရမ်းလျက်…

"ကျုပ်ပျောက်သွားတဲ့ ဖဲချပ် မဟုတ်ဘူးဗျ…"

"ဘာဖြစ်လို့လဲဗျ…"

"ကျုပ်ပျောက်တဲ့ ဖဲချပ်က ဂျိုကာဗျ…"

ဦးလေးတွမ် နှာချေချင်လာပြန်သည်။

"ဟပ်… ဟပ်…"

✣





(၄)

လူများသော စားသောက်ဆိုင် တစ်ဆိုင်ထဲသို့ ဦးလေးတွမ် ရောက်သွားသည်။ စားပွဲတိုင်းမှာ စားသောက်သူများ ရှိနေသည်။ စားသောက်သူ တစ်ဦးတည်းသာရှိသော ဝိုင်းမှာ ဦးလေးတွမ် ဝင်ထိုင်ရသည်။

သူ့အရင် ရောက်ရှိနေသူက ဝဝဖိုင့်ဖိုင့် ဖြစ်၏။ အောင်မြင်နေသော ပွဲစားကြီးတစ်ယောက်ဟန်ပန်ရှိပြီး သားသားနားနား ဝတ်ဆင်ထားသည်။ စားပွဲပေါ်မှာ တစ်ခုခုကို ရှာနေသည်။

"မိတ်ဆွေ ဘာရှာနေတာလဲ"

ထိုလူက ဦးလေးတွမ်ကို မကြည့်ဘဲ စိတ်ရှုပ်ထွေးဟန်ဖြင့်…

"ခဏခဏ ပျောက်နေတာပဲဗျာ…"

"ဘာများလဲ…"

"မျက်မှန်…"



www.burmeseclassic.com

www.burmeseclassic.com



"ခြော်... ဒီမှာလေဗျာ..."

ဦးလေးတွမ်က တစ်သျှူးဘူးနှင့် ကွယ်နေသော မျက်မှန်ကို ကောက်

ပေးလိုက်သည်။ ထိုလူက လှမ်းမယူဘဲ မျက်ခုံးပင့်၍သာ ကြည့်ကာ...

"အဲဒါ မဟုတ်ဘူးဗျ..."

"ဟော်... ဘယ်လိုကြောင့်လဲဗျာ..."

"ကျုပ်ပျောက်သွားတဲ့ မျက်မှန်က ရွှေဘောင်ဗျ..."

"ဟပ်... ဟပ်..."

ဦးလေးတွမ် နှာချေ၍ မရပြန်...။

✣





(၅)

လမ်းဆုံလမ်းခွတစ်ခုတွင် တစ်ကိုယ်လုံး လည်နေသော လူတစ်ယောက်ကို တွေ့ရသည်။

"ဟေ့လူ... ဟေ့လူ... ဘယ်လိုဖြစ်နေတာလဲ..."

ထိုလူ၏ ပတ်ချာလည်နေမှုကို ဆွဲရပ်ထားပြီး ဦးလေးတွမ်က မေးသည်။ ထိုလူက...

"ကျုပ်ကိုယ်ကျုပ် ရှာနေတာ..."

"ခင်ဗျားက ခင်ဗျားပဲလေ... ဒီမှာပေါ့..."

ထိုလူက (ဦးလေးတွမ်ညွှန်ပြသော) သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ပြီး

"ဒါ ကျုပ်မဟုတ်ဘူး..."

"ဒါဖြင့် ခင်ဗျားက ဘာတုန်း..."

"ခင်ဗျား သူများတွေကိုတော့ လျှောက်မပြောနဲ့၊ ကျုပ်က ရွှေမင်းသားလေးဗျ..."

"ဟပ်... ဟပ်... ဟပ်..."

✣

www.burmeseclassic.com

www.burmeseclassic.com



(၆)

"ဘာကို ရှာပါသလဲ ကိုယ်တော်"

"မီးတောက်ကို ရှာတာ..."

"ဘာဖြစ်လို့လဲ..."

"ကျုပ်က မီးသတ်သမားမို့လို့ပေါ့..."

"ကိုယ်တော်က ဗုဒ္ဓရဲ့သားတော် မဟုတ်လား..."

"ဟုတ်တယ်လေ... လူတွေရဲ့ လောဘမီး ဒေါသမီး မောဟမီး တွေကို ရှာဖွေ ငြိမ်းသတ်ပေးဖို့က ကျုပ်တို့ရဲ့တာဝန် မဟုတ်လား..."

ဦးလေးတွမ် အားရပါးရ နှာချေလိုက်တော့သည်။

"ဟပ်... ချိုး..."

တာရာမင်းဝေ



www.burmeseclassic.com